# အရပ်ဖက် အဖွဲ့အစည်းများရဲ့ လားရာ
# အနာဂတ် အခွင့်အရေးများနဲ့ စိန်ခေါ်မှုများ

## Where next for civil society?
## The opportunities and challenges in the coming years

Lahpai Seng Raw - LIFT Forum 2019 - NayPyiTaw, 13 June 2019

အရေးပေါ်ကယ်ဆယ်ရေး၊ လူသားချင်းစာနာမှုဆိုင်ရာ ကပ်ဘေး ဆိုတာ တွေက သူ့အလိုလို မိုးပေါ်က ကျလာတာ မဟုတ်ပါဘူး။ ဒါကြောင့် နောက်ခံ အခြေအနေတွေ၊ နိုင်ငံရေး လူမှုရေး ရေခံမြေခံတွေကို သေချာသုံးသပ်နိုင်ပြီး၊ အခက်အခဲတွေရဲ့ အကြောင်းရင်းကို နားလည်မှသာ ဖြေရှင်းနိုင်မည့် နည်းလမ်းကို ရှာတွေ့မှာ ဖြစ်ပါတယ်။

- Humanitarian crises and aid emergencies do not exist in a vacuum, and context is critical in understanding the root causes of challenges and seeking to find their solutions.

# အရပ်ဖက်အဖွဲ့အစည်းများရဲ့ လားရာ ဘယ်ကိုလဲ။

ကျွန်မတို့နိုင်ငံဟာ နိုင်ငံရေး အပြောင်းအလဲ ဖြစ်စဉ်မှာ အစောပိုင်း ကနဦးကာလမျှသာ ရှိနေသေးတယ် ဆိုတာနဲ့ အခွင့်အလမ်းနဲ့ အခက်အခဲတွေအကြောင်း ပြောကြတဲ့အခါတိုင်း ကနဦးကာလ ဖြစ်တယ်ဆိုတဲ့ အချက်ကို သတိရစေချင်ပါတယ်။

## Where next for civil society?

In the civil society view, we are still at a very early stage in political transition, and that both the opportunities and challenges need to be understood within that “early stage” context.

လက်ရှိအခြေအနေမှာ နိုင်ငံတကကာ သုံးသပ်သူတွေ မျက်စေ့လျှံနေတဲ့ အရေးကြီးတဲ့ လက္ခဏာ နှစ်ရပ်ရှိတယ်လို့ ကျွန်မထင်ပါတယ်။ ပထမတစ်ချက်ကတော့ ကျွန်မတို့ မြန်မာ့လူ့ဘောင်နဲ့ အရပ်ဖက်အဖွဲ့အစည်းတွေဟာ အရေးကြီးတဲ့ မျိုးဆက်အပြောင်းအလဲနဲ့ ရင်ဆိုင်နေရတယ် ဆိုတာပါ။

ဒုတိယအချက်ကတော့ လက်ရှိကာလမှာ ကြုံနေရတဲ့ အခက်အခဲတွေဟာ ကျွန်မတို့နိုင်ငံရဲ့ သမိုင်းတကွေ့ နိုင်ငံရေး အကူးအပြောင်းကာလရဲ့ ထူးခြားတဲ့ အခိုက်အတန့်လေးတွေ ဖြစ်တယ် ဆိုတာပါပဲ။ ဒီကိစ္စရပ် နှစ်ခုလုံးဟာ အချိန်ပိုင်း ကာလတိုလေးတွေမှာ ဖြစ်နေကြပြီး တနည်းနည်းနဲ့ စက်ဝန်းတစ်ပတ်လည်ပြီး မကြာခင်မှာ ပြီးဆုံးသွားမှာ ဖြစ်ပါတယ်။

- Our current situation has two characteristics that are often overlooked by international analysts. The first is that society and civil society are undergoing an important generational change in Myanmar.
- The second is that many of our present challenges are due to a unique political moment of transitional change in our history. Both are short-term and, one way or another, will soon have been completed.

# နိုင်ငံတကာအဖွဲ့အစည်းတွေကြောင့် ကျွန်မတို့ရဲ့ လူမှုအဖွဲ့အစည်းအပေါ် ဘာသက်ရောက်မှုရှိသလဲ


- What are the implications for support to civil society that comes from international agencies?

မြန်မာ့အရပ်ဖက် အဖွဲ့တွေအတွက် ဒေသအခြေပြုရေး ကိစ္စရပ်တွဟာ အသစ် အဆန်းမဟုတ်ပါဘူး။ဒီလိုပဲ ဒေသအခြေပြုရေးဟာ လူသားချင်းစာနာမှု အကူအညီ တစ်ခုထဲနဲ့သာ သက်ဆိုင်တယ်လို့လည်း ကျွန်မတို့မယူဆပါဘူး။ ဒါကြောင့်မို့ ဒေသခံအဖွဲ့တွေကိုယ်တိုင်က ဒေသအခြေပြုရေးကို ဘယ်လိုရှုမြင်သလဲဆိုတာကို နားလည်အောင်ကြိုးစားပြီး လက်ခံကျင့်သုံးဖို့ကို နိုင်ငံတကာအဖွဲ့တွေကိုတိုက်တွန်းပါရစေ။

- Myanmar civil society does not see “localisation” as a new challenge, and we do not see it as a challenge that is restricted to humanitarian aid funding. We therefore invite international supporters to join us in adopting a “local” understanding of “localisation”.

LIFT စတင်တည်ထောင်စဉ် ကာလက ထားခဲ့ကြတဲ့ ရေခံမြေခံ အကြောင်းအကျိုး
ဆက်စပ်နားလည်မှုတွေ၊ သိမ်မွေ့တဲ့ လူမှုနိုင်ငံရေး အကဲဆတ်မှုတွေကို ဂရုတစိုက်
ရှိတာတွေ၊ အခက်ခဲဆုံး အလိုအပ်ဆုံးသော အောက်ခြေပြည်သူတွေဆီရောက်အောင်
ရည်မှန်းကြိုးစားခဲ့တဲ့ တန်ဖိုးတွေကို အနာဂတ် အစီအစဉ်သစ်တွေအတွက် အားသစ်လောင်း
သယ်ဆောင်ရင်း အရပ်ဖက်အဖွဲ့တွေကိုလည်း ဗဟိုပြု အားပြုနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

- LIFT was fashioned in special circumstances a decade ago, and it is to be hoped that the same spirit of awareness, sensitivity and outreach to the most vulnerable and needy is invigorated into the next cycle of planning, with regard for civil society at its heart.


% of LIFT funding granted for Myanmar CSOs
US DOLLAR IN MILLION
80.00 M
70.00 M
60.00 M
50.00 M
40.00 M
30.00 M
20.00 M
10.00 M
0.00 M
17.05 M
20.07 M
27.45 M
31.28 M
27.67 M
57.89 M
58.96 M
67.31 M
62.44 M
15%
21%
22%
24%
27%
11%
16%
23%
12.82
2010
2011
2012
2013
2014
2015
2016
2017
2018
LIFT programme expenditure by year
CSO managed budget by year